# Highlights from DVB Debate's Ethnic Minorities Show

## June 25, 2016

## "What Chances do Minorities get?"

"တိုင်းရင်းသားလူနည်းစုဆိုရာမှာ ဗမာမှ အပ တိုင်းရင်းသားတွေကို တိုင်းရင်းသားလူနည်းစုလို့ ခေါ်ပါတယ်"

ဦးရဲထွန်း(သီပေါ) - ပြည်သူ့လွှတ်တော်အမတ်ဟောင်း

---

"အန်အယ်လ်ဒီအနေနဲ့ တိုင်းရင်းသားအရေးကို ဟန်ပြသပ်သပ် လုပ်နေတယ်လို့ ယူဆပါတယ်။ လူနည်းစု အခွင့်အရေးမှာ ၃ ပိုင်းရှိတယ်. တိုင်းရင်းသားတွေရဲ့ နိုင်ငံရေးဆိုင်ရာ အခွင့်အရေး၊ ဌာနေတိုင်းရင်းသားတွေရဲ့ စာပေ၊ ယဉ်ကျေးမှုနဲ့ နယ်မြေဒေသတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခွင့်နဲ့ လူ့အခွင့်အရေး။ ဒါတွေကို မကိုင်တွယ်နိုင်သေးရင် တိုင်းရင်းသားအရေး လုပ်နေတာ မဟုတ်ဘူးလို့ ပြောချင်တယ်"

ခွန်ဘီဒူး - ဥက္ကဋ္ဌ၊ ကယန်းအမျိုးသားပါတီ

"ဟန်ပြလုပ်နေရုံပဲဆိုတာတော့ ကျနော် လက်မခံချင်ဘူး။ မျက်မှောက်ခေတ် အခြေအနေအရ ဒီပြဿနာတွေကို ဖြေရှင်းဖို့ ပင်လုံညီလာခံကို တည်လိုက်ပြီ၊ ကာလတို ကာလရှည် ရည်ရွယ်ချက်တွေ ဆွေးနွေးမှု အမြင်တွေနဲ့ ကျနော်တို့က အဖြေရှာရမယ်ဗျ"

ဦးလွင်ကိုလတ် - ပြည်သူ့လွှတ်တော်အမတ်

---

"အန်အယ်လ်ဒီကနေ ဦးဆောင်ပြီးတော့ ဘယ်လို ဖက်ဒရယ်လုပ်ပါမယ် ဥပမာ အင်္ဂလန် ဖက်ဒရယ် အမေရိကန် ဖက်ဒရယ် လုပ်ပါမယ် ဆိုတာမျိုး ပြောမှာမဟုတ်ဘူးဗျ။ ဒီလို ချပြလိုက်ရင် ဒါကို ဦးဆောင်တယ် ဖြစ်မှာစိုးတယ် ဒါကြောင့် အားလုံးပေါင်းပြီး ပင်လုံညီလာခံမှာ ဆွေးနွေးလို့ရလာမယ့် ပုံစံကိုသာ နလုံးသားနဲ့ပဲ ဆောင်ရွက် စဉ်းစားသွားမှာဗျ"

ဦးလွင်ကိုလတ် - ပြည်သူ့လွှတ်တော်အမတ်

"ကျနော်က အန်အယ်လ်ဒီကို အကဲဖြတ်စောတာမဟုတ်ပါဘူး ကျနော်ဝေဖန်တာက မူဂါဒပိုင်းဆိုင်ရာကနေ ချဉ်းကပ်သုံးသပ်ပြတာပါ"

ခွန်ဘီဒူး - ဉက္ကဋ္ဌ၊ ကယန်းအမျိုးသားပါတီ

---

"တိုင်းရင်းသားတွေအနေနဲ့ တောင်းရမှာ မဟုတ်ဘူး ဆိုတဲ့ ဆွေးနွေးချက်ကို သဘောမတူဘူး။ အစိုးရတရပ်ဟာ အုပ်ချုပ်ပြီဆိုရင်တော့ ညှိကို ညှိရမယ်။ အခု အန်အယ်လ်ဒီကရော ဘယ်လို ဖက်ဒရယ်နဲ့ ပြည်သူကို ဘယ်လို ဆွဲခေါ်သွားမလဲ? ဘယ်လို စီမံခန့်ခွဲမလဲပေါ့? ဒါကို သိချင်တာပါ"

ဦးရှိန်းထွန်း - ချင်းတိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး

---

"ရှမ်းပြည်နယ်နေ့ ခေါ်မလား ရှမ်းအမျိုးသားနေ့ ခေါ်မလားဆိုတဲ့ အသေးစိတ်က အစ အဲလို အခွင့်အရေးကို ပြည်ထောင်စု အစိုးရက မယူထားသင့်ဘူး။ အခု တိုင်းရင်းသားရေးရာဂန်ကြီးအနေနဲ့ မလုပ်နိုင်ဘူးဆိုရင် အာဏာတွေကို ပြည်နယ်လွှတ်တော်တွေကို ခွဲဝေပေးပေါ့"

ဦးရဲထွန်း(သီပေါ) - ပြည်သူ့လွှတ်တော်အမတ်ဟောင်း

---

"ဗဟိုချုပ်ကိုင်မှုက ဘယ်သူ့မှာရှိလဲဆိုတော့ အန်အယ်လ်ဒီနဲ့ စစ်တပ်မှာပဲ ရှိတယ်"

ဦးရဲထွန်း(သီပေါ) - ပြည်သူ့လွှတ်တော်အမတ်ဟောင်း

"ဘယ်သူ ကိုင်တာ မကိုင်တာထက် အဓိကက ဒါတွေကို ပင်လုံညီလာခံမှာ ပြောကြပါ"

ဦးအေးမောင်ကျော် - ဆောင်းပါးရှင်

---

"အခု ကျနော်တို့ နိုင်ငံက ပြန်လည်တည်ဆောက်ရေးကိုသွားနေတာ ဗိုလ်ချုပ်တို့လက်ထက်က ပင်လုံတုန်းကလည်း နိုင်ငံတည်ဆောက်ခဲ့ရတယ်. အခု ၂၁ ရာစု ပင်လုံကလည်း ပြန်လည်တည်ဆောက်ရေးအတွက်ပဲ"

ဦးအေးမောင်ကျော် - ဆောင်းပါးရှင်

---

"ကျနော်တို့ တိုင်းရင်းသားတွေက အန်အယ်လ်ဒီနဲ့ စကားပြောလို့ရတယ်လေ ကျနော်တို့ စစ်တပ်နဲ့ ပြောလို့မရဘူး။ ဒါကြောင့် အန်အယ်လ်ဒီကို တိုင်းရင်းသားအခွင့်အရေးကိစ္စတွေပြောတာပေါ့"

ခွန်ဘီဒူး - ဉက္ကဋ္ဌ၊ ကယန်းအမျိုးသားပါတီ

"ကျနော်ကလည်း ဒီလို အပြောခံရတာကို ကျေနပ်ပါတယ်။ ပြဿနာတွေကို ပိုင်းပြောကြမှ ကျနော်တို့လည်း ဖြေရှင်းလို့ရမယ်"

ဦးလွင်ကိုလတ် - ပြည်သူ့လွှတ်တော်အမတ်